အကောင် အထည် ဖော်ဆောင်ရန် လိုအပ်မည်ဖြစ်သည်။ ထိုသို့ လုပ်ဆောင်ပါက အစိုးရများ၊ အလှူရှင်များ၊ ရေလုပ်သားငယ်များ/ ရေလုပ်ငန်းတွင်လုပ်ကိုင်နေသော လုပ်သားများနှင့် အခြားသက်ဆိုင်သော အုပ်စုများအကြားတွင် လုပ်ဆောင်သင့်သည့် တာဝန်ဝတ္တရားများကို ခွဲဝေလုပ်ကိုင်နိုင်မည် ဖြစ်သည်။ ရေလုပ်သားငယ်များနှင့် ရေလုပ်ငန်းတွင် လုပ်ကိုင်နေသော ရေလုပ်သားများသည် ၎င်းတို့၏ သက်ဆိုင်ရာ အစိုးရများနှင့် ချိတ်ဆက်၍ မူဝါဒများ၊ ဥပဒေပြဋ္ဌာန်းမှုများနှင့် အစီအစဉ်များသည် (SSF) လမ်းညွှန်တွင် ပါရှိသော တောင်းဆိုချက်များနှင့် ကိုက်ညီမှုရှိစေရန် ဆောင်ရွက်ရမည် ဖြစ်သည်။ ထို့အတွက် အစိုးရများနှင့် ငါးလုပ်ငန်းတွင် တိုက်ရိုက်နီးနွယ်ပတ်သတ်နေသော သူများသာမက အခြားသော ဆက်နွယ်နေသောသူများ အားလုံးတက်ကြွစွာ ပါဝင်ဆက်သွယ် ချိတ်ဆက် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။

SSF လမ်းညွှန်ဖြစ်ပေါ်ရေး လုပ်ငန်းစဉ်များနှင့် ပတ်သတ်သော သတင်းအချက်အလက်များကို မည်သည့်နေရာတွင် ရှာဖွေတွေ့ရှိ နိုင်ပါနည်း




သတင်း အချက်အလက်များကို အောက်ပါ FAO website တွင်ရှာဖွေနိုင်ပါသည်။

FAO website: http://www.fao.org/fishery/ssf/guidelines/en

အောက်ပါ CSO website တွင်လည်း ရှာနိုင်ပါသည်။

https://sites.google.com/site/smallscalefisheries/ and http://igssf.icsf.net/

# ဆင်းရဲမွဲတေမှု လျော့ချရေးနှင့် စားဝတ်နေရေးဖူလုံရေးကို ရေ့ရှုသော လုံခြုံစိတ်ချ၍ ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် အသေးစားရေလုပ်ငန်း အတွက်လမ်းညွှန်ချက်




SSF လမ်းညွှန်

## SSF လမ်းညွှန်ချက်ဆိုတာဘာလဲ

ကမ္ဘာ့စားနပ်ရိက္ခာ ဖူလုံရေးအဖွဲ့ (FAO) မှ ဦးဆောင်၍ ဆင်းရဲမွဲတေမှု လျှော့ချရေးနှင့် စားဝတ်နေရေး ဖူလုံရေးကို ရှေ့ရှုသော လုံခြုံစိတ်ချ၍ ရေရှည် ဖွံ့ဖြိုးတိုးတက်သည့် အသေးစား ရေလုပ်ငန်းအတွက် လမ်းညွှန်ချက် စာတမ်းကို ရေးဆွဲပြုစုခဲ့သည်။ ၄င်း မှာ ၁၉၉၅ ခုနှစ်တွင် ရေးဆွဲပြုစုခဲ့သော (FAO)၏ တာဝန်ယူမှု တာဝန်ခံမှုရှိသော ရေ လုပ်ငန်းဆိုင်ရာ စည်းမျဉ်း စည်းကမ်းများကို ထပ်မံဖြည့်စွက် ရေးသားထားသည့် လမ်းညွှန်ချက်များ ဖြစ်ပါသည်။

၎င်း (SSF) လမ်းညွှန်ချက် စာတမ်း ပြုစုရေး အတွက် (၂၀၁၁)ခုနှစ်၊ဖေဖော်ဝါရီလတွင်ကျင်းပပြုလုပ်သော (FAO)၏ (၂၉) ကြိမ်မြောက် ရေလုပ်ငန်းကော်မတီ (COFI) အစည်းအဝေးမှ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပြီးယင်းမှာ (၂၀၀၈) ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင်ကျင်းပပြုလုပ်ခဲ့သော အသေးစား ရေလုပ်ငန်းဆိုင်ရာ ကမ္ဘာ့အလုပ်ရုံ ဆွေးနွေးပွဲမှ အကြံပြုချက်များကို ဆက်လက် အကောင်အထည်ဖော်ခြင်း ဖြစ်ပါသည်။ "အသေးစား ရေလုပ်ငန်းရဲ့ အရေးပါမှုတွေဟာ အသိ အမှတ်ပြု မခံရသလို ရေလုပ်သားငယ်တွေနဲ့ ၄င်းတို့ရဲ့ ရပ်ရွာအသိုင်းအဝိုင်းရဲ့လိုအပ်ချက်တွေဟာလည်း လစ်လျူရှုခံနေရတယ်" လို (COFI) က မှတ်ချက်ပြုခဲ့တယ်။

အသေးစား ရေလုပ်ငန်းများ၏ အရေးပါမှုကို ပိုမိုကျယ်ကျယ်ပြန့်ပြန့် နားလည်ရန်နှင့် အသိအမှတ် ပြုလက်ခံခြင်းရရှိစေရန်အတွက် ၎င်း၊ လူ့အခွင့်အရေးရှုထောင့်မှ ချဉ်းကပ်ခြင်းဖြင့် မြှင့်တင်နိုင်ရန်အတွက် ၎င်း (SSF) လမ်းညွှန်ကို ရေးဆွဲပြုစုခြင်းဖြစ်သည်။ ၄င်းကို (COFI) မှ သဘောတူ လက်ခံမြှင့် တင်ခြင်းဖြင့် အသေးစားရေလုပ်ငန်း၏ အရေးပါသော အခန်းကဏ္ဍနှင့် ငတ်မွတ်ခြင်းနှင့် ဆင်းရဲမွဲတေမှုများ လျှော့ချရေးအတွက် နိုင်ငံအဆင့်နှင့် ကမ္ဘာ့အဆင့် လှုပ်ရှားဆောင်ရွက်နေမှုများတွင် ၄င်းတို့၏ ထည့်ဝင်ထောက်ကူနိုင်မှုကဏ္ဍကို မြှင့်တင်ပေးနိုင်မည် ဖြစ်ပါသည်။



## SSF Guidelinesကို ဘယ်လိုပုံစံမျိုးဖြင့် ရေးဆွဲခဲ့ပါသလဲ။ ၎င်းလုပ်ငန်းစဉ်များတွင် အရပ်ဘက် လူ့အဖွဲ့အစည်းများ ပါဝင်ခဲ့ကြပါသလား။

လက်ရှိအချိန်တွင် (FAO) အဖွဲ့ဝင်နိုင်ငံများသည် (SSF) လမ်းညွှန်ကို ညှိနှိုင်းဆွေးနွေးလျက်ရှိပါသည်။ အရပ်ဘက်လူ့ အဖွဲ့အစည်းများ (အသေးစား ရေလုပ်ငန်းကဏ္ဍကိုကိုယ်စားပြုသည့်အဖွဲ့များအပါအဝင် CSOs များ၊ NGOများ)၊ ဒေသတွင်းအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်သောနီးနွယ်ပတ်သတ်သူများပါဝင်၍ ညှိနှိုင်းဆွေးနွေးမှုများကို ပြုလုပ်လျက် ရှိပါသည်။ (SSF) လမ်းညွှန်အတွက် ပထမအကြိမ် (Technical Consultation) ကို ၂၀၁၃ ခုနှစ် မေလတွင် ကျင်းပခဲ့ပြီး၊ ဒုတိယအကြိမ်နှင့် နောက်ဆုံး ဆွေးနွေးပွဲကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလတွင် ကျင်းပပြုလုပ် သွားမည်ဖြစ်ပါသည်။

Technical Consultation မကျင်းပမီ(SSF) လမ်းညွှန်မူကြမ်းဖြစ်ပေါ်လာရန်ညှိနှိုင်းတိုင်ပင်သည့် အစည်းအဝေးများကို (FAO)၊ နိုင်ငံအစိုးရများနှင့် အခြားအဖွဲ့ အစည်းများမှဦးဆောင်စည်းရုံး၍ပြုလုပ်ခဲ့ ပါသည်။၂၀၀၈ခုနှစ်ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော အစည်းအဝေးမှစတင်၍အရပ်ဘက်အဖွဲ့ အစည်းများအနေဖြင့်(SSF) လမ်းညွှန် ဖြစ်ပေါ်လာရေးအတွက် လှုပ်ရှားဆောင်ရွက်မှုများတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ ၎င်းအရပ်ဘက် လူ့အဖွဲ့ အစည်းများမှ ဦးဆောင်၍ နိုင်ငံအဆင့် အလုပ်ရုံဆွေးနွေးပွဲ(၂၀)ခန့်ကိုအာရှ၊ အာဖ ရိကနှင့်လက်တင်အမေရိကတို့တွင် ပြုလုပ်ခဲ့ပြီးဒေသဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ (၂)ခုကို အာဖရိကတိုက်တွင် ပြုလုပ်ခဲ့သည်။ ထို့အပြင် ဥရောပသမဂ္ဂ အတွင်းရှိရေ လုပ်သား ငယ်များနှင့် ရေလုပ်ငန်းတွင် လုပ်ကိုင်နေ သော လုပ်သားများနှင့် ဆွေးနွေးတိုင်ပင်မှုများ၊ ကနေဒါနိုင်ငံရှိရာပေါင်း များစွာသော ရေလုပ်သားငယ်နှင့် ရေလုပ်ငန်းတွင်လုပ်ကိုင်နေသော ရေလုပ်သားငယ် အမျိုးသား၊အမျိုးသမီးများပါဝင်သော ဆွေးနွေးတိုင်ပင်မှုများကိုလည်း ပြုလုပ်ခဲ့ပြီး ၎င်းတို့၏ လိုလားချက်များ၊ တောင်းဆိုချက်များကို (SSF) လမ်းညွှန်မူကြမ်းတွင် ထည့်သွင်းဖော်ပြခဲ့သည်။ နိုင်ငံအသီးသီးရှိ အရပ်ဖက်အဖွဲ့အစည်းများ နှင့် ဆက်သွယ် ဆောင်ရွက်မှုများကို World Forum of Fish Harvesters and Fishworkers (WFF)၊ World Forum of Fisher Peoples (WFFP)၊ International Collective in Support of Fishworkers (ICSF), နှင့် International Planning Committee for Food Sovereignty (IPC) တို့မှ ဦးဆောင်မှု ပြုခဲ့ကြခြင်း ဖြစ်ပါသည်။

## SSFလမ်းညွှန်ဟာအရပ်ဘက်လူ့အဖွဲ့အစည်းတွေကို ဘာကြောင့် စိတ်ဝင်စားမှု ဖြစ်စေသလဲ

(SSF)လမ်းညွှန်သည် အသေးစား ရေလုပ်ငန်းကဏ္ဍနှင့် ယင်း၏နိမ့်ကျမှု၊ လျစ် လျူရှုခံရမှုများကိုပြန်လည်၍ ပြောင်းလဲမြှင့် တင်နိုင်မည့်မူဝါဒများဖြစ် ပေါ်လာစေရေး အတွက်အထောက်အပံ့ပြုနိုင်သော ကိရိယာ တစ်ခုအဖြစ် အရပ်ဖက် လူ့အဖွဲ့အစည်းများမှ ယုံကြည်ကြသည်။ အချိန် အတော်ကြာကာလကတည်းက ၎င်းအရပ်ဖက်အဖွဲ့များသည် ရေလုပ်သားငယ်များနှင့် ရေလုပ်ငန်းတွင် လုပ်ကိုင်နေသော လုပ်သားများ၏ အခွင့် အရေးနှင့်လိုလားချက်များကို အကာအကွယ် ပေးနိုင်မည့် ထိုကဲ့သို့ လမ်းညွှန်များ ရှိရန်လို အပ်မှုကို လှုံ့ဆော်ဆွေးနွေးခဲ့ကြသည်။ ၎င်းအရပ်ဖက် အဖွဲ့အစည်းများမှ ထောက်ပြပြောဆိုသည်မှာ - ရေလုပ်သားငယ်များနှင့် ရေလုပ်ငန်းတွင် လုပ်ကိုင်နေသော လုပ်သားများသည် စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲမွဲတေမှု လျှော့ချရေးတို့အတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင် လုပ်ဆောင်နေသော်လည်း ၎င်းတို့သည် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ခွင့်မရခြင်း၊ ငါးဖမ်းသင်္ဘောကြီးများဖြင့် အလွန်အကျွံ ငါးဖမ်းခြင်း၊ ၎င်းတို့၏ ငါးဖမ်းခွင့်နှင့် နေထိုင်ရာ နေရာများကို သိမ်းယူခြင်း၊ ရေပိုင်နက် အသုံးပြုမှု အပေါ် အငြင်းပွားခြင်းနှင့် အပြိုင်အဆိုင် ရယူသုံးစွဲရန် ကြိုးစားခြင်း၊ ဆင်းရဲမှုနှင့် အခြေခံ ပြည်သူ့ရေးရာ ဝန်ဆောင်မှုများကို လက်လှမ်းမမှီခြင်း စသည့် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံ တွေ့ နေရသည်။

## မည်သည့်အချိန်တွင် SSF လမ်းညွှန် ကို သဘောတူလက်ခံပြီးအကောင်အထည်ဖော်ဆောင်ရွက်မလဲ။

၂၀၁၄ ခုနှစ်၊ ဇွန်လတွင် ပြုလုပ်မည့် (၃၁)ကြိမ်မြောက် (COFI) အစည်းအဝေးတွင် အချောသတ်ညှိနှိုင်း ဆွေးနွေးထားသော (SSF) လမ်းညွှန်ကို တင်ပြ ဆွေး နွေးကာ (COFI) မှ သဘောတူလက်ခံအတည်ပြုမည် ဖြစ်သည်။ ထိုသို့ လက်ခံအတည်ပြုပြီးနောက်တွင် (SSF) လမ်းညွှန်အား အကောင်ထည်ဖော်လုပ်ဆောင်ရန်မှာ နိုင်ငံအစိုးရများ၊ အရပ်ဖက် လူ့အဖွဲ့အစည်းများနှင့် အခြားစိတ် ဝင်စားသော အဖွဲ့များ၊ နီးနွယ်ပတ်သတ်သူများ အပေါ်တွင်မူတည် မည်ဖြစ်သည်။

## ဥပဒေ/မူဝါဒ တစ်ခုမဟုတ်ပဲ လမ်းညွှန်ချက်တစ်ခုသာဖြစ်သော SSF လမ်းညွှန်သည် အသေးစားရေလုပ်ငန်းအတွက်မည်သည့် အပြောင်း အလဲများကို ဆောင်ကြဉ်းပေးနိုင်သလဲ

ရေလုပ်သားငယ်များနှင့် ရေလုပ်ငန်းတွင် လုပ်ကိုင်နေသော လုပ်သားများ အတွက်ကောင်းမွန်သောပြောင်းလဲတိုးတက်မှုများ ဖြစ်ပေါ်လာစေရန် အတွက် (SSF) လမ်းညွှန်အား ထိရောက်စွာ

